သျှမ်းပြည်လွတ်မြောက်ရေးပါတီ
သျှမ်းပြည်ဖယ်ဒရယ်တပ်ဦး

# ကြေညာချက် (၃/သဖတ/၂၀၂၁)

ရက်စွဲ ။ ။ (၁၂) ရက်၊ ဇူလိုင်လ၊ ၂၀၂၁ ခုနှစ်။

အကြောင်းအရာ။ ။ စစ်ကြေညာခြင်း။

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ သျှမ်းပြည်လွတ်မြောက်ရေးပါတီ၏ နိုင်ငံရေးဆိုင်ရာ ညွှန်ကြားချက်နှင့် သျှမ်းပြည်ဖယ်ဒရယ်တပ်ဦး၏ ဗဟိုဦးဆောင်ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ပါအတိုင်း အတိအလင်း ကြေညာလိုက်သည်။

၁။ စစ်ဘီလူးနေဝင်းမှစ၍ စစ်ဘီလူးမင်းအောင်လှိုင်လက်ထက်အထိ ဖက်ဆစ်စစ်ဝါဒီအဆက်ဆက်သည် လက်နက်အားကိုးကာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကို အကြမ်းဖက်ခဲ့ကြသည်။ ၁၉၆၂ ခုနှစ် ဖယ်ဒရယ်လှုပ်ရှားမှုများသည် ဗိုလ်နေဝင်းအာဏာသိမ်းမှုကြောင့် ပျက်ပြားခဲ့ရပြီး ယခုလည်း မင်းအောင်လှိုင်အာဏာသိမ်းမှုကြောင့် စစ်အာဏာရှင်စနစ်သည် အပြည့်အဝ ပြန်လည်ပေါ်ထွက်လာခဲ့ပြီ ဖြစ်သည်။

၂။ စစ်ဘီလူးတို့သည် ဖယ်ဒရယ်နှင့် ဒီမိုကရေစီကို နှုတ်ဖျားက တဖွဖွပြောတတ်သော်လည်း အမှန်တကယ် လက်ခံခြင်းမရှိကြောင်းကို စတုတ္ထအကြိမ် ပင်လုံညီလာခံတွင် မင်းအောင်လှိုင်ပြောကြားသော ""တိုင်းရင်းသားလက်နက်ကိုင်တွေက နိုင်ငံတော်ကို ဆန့်ကျင်တာဖြစ်ပါတယ်"၊ "အားလုံးမြန်မာစိတ်မွေးပြီး ငါတို့အားလုံးသည်မြန်မာ (We are Myanmar) ဆိုတဲ့ စိတ်ဓာတ်ထားနိုင်ဖို့လိုပါတယ်။ တိုင်းရင်းသားအခွင့်အရေး၊ လူနည်းစုအခွင့်အရေးဆိုတဲ့ အားငယ်တဲ့စိတ်၊ သံသယဝင်ပြီး ယုံကြည်မှုကို ထိခိုက်စေတဲ့စိတ်၊ သွေးကွဲမှုကို အားပေးပြီး စည်းလုံးမှုကို ပျက်ပြားစေတဲ့စိတ်ကိုဖြစ်စေတဲ့ အပြောအဆို အသုံးအနှုန်းတွေကို ရှောင်ရှားဖို့လိုပါတယ်" ဟူသော စကားများအရ သိရှိရသည်။

၃။ ကျွန်ုပ်တို့ သျှမ်းပြည်လွှတ်မြောက်ရေးပါတီနှင့် သျှမ်းပြည်ဖယ်ဒရယ်တပ်ဦးတို့သည် တရားမဲ့အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေးနှင့် ဖယ်ဒရယ်ရေးတို့ကို ဦးထိပ်ထားသည်နှင့်အညီ ထိုကဲ့သို့ ဒီမိုကရေစီနှင့် ဖယ်ဒရယ်ရေးတွင် ဟန့်တားနေသည့် စစ်အာဏာရှင်စနစ်ကို အမြစ်ပါမကျန် နှုတ်ပယ်ရမည်

ဖြစ်သည်။ ထို့ကြောင့် မင်းအောင်လှိုင်နှင့်တကွ စစ်အာဏာရှင်အပေါင်းအပါအားလုံး၊ တစ်နည်း စစ်အာဏာရှင်၊ စစ်အုပ်စု၊ စစ်ဗျူရိုကရက်အားလုံးကို ယနေ့မှစ၍ စစ်ကြေညာလိုက်သည်။

အစည်းအဝေးဆုံးဖြတ်ချက်အရ-

စဝ်ဖ
အထွေထွေအတွင်းရေးမှူး
သျှမ်းပြည်လွတ်မြောက်ရေးပါတီ

စဝ်လိုင်းလုံ
ဗဟိုဦးဆောင်ကော်မတီ (ကိုယ်စား)
သျှမ်းပြည်ဖယ်ဒရယ်တပ်ဦး